# ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ၏ ဖွဲ့စည်းပုံစည်းမျဉ်း

၁။ <u>အဖွဲ့၏အမည်</u>

ဤအဖွဲ့ချုပ်၏ အမည်ကို ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ဟု ခေါ်တွင်စေရမည်။ အင်္ဂလိပ်ဘာသာဖြင့် (PA. O NATIONAL ORGANIZATION)ဟု ခေါ်တွင်စေရမည်။ အင်္ဂလိပ်ဘာသာအတိုကောက်အားဖြင့် (PNO)ဟု ခေါ်တွင်စေရမည်။

၂။ <u>အဖွဲ့၏တည်နေရာ</u>

ဤအဖွဲ့၏တည်နေရာကို အမှတ်(၁၈)၊ အနောက်မြို့ပတ်လမ်း၊ ဈေးပိုင်းရပ်ကွက်၊ တောင်ကြီးမြို့၊ ရှမ်းပြည်နယ်တောင်ပိုင်းတွင် တည်ရှိစေရမည်။

၃။ <u>အဖွဲ့၏အလံတော်</u>

ဤအဖွဲ့၏အလံတော်ကို ၁၉၅၂-ခုနှစ်၊ ပထမအကြိမ် ပြည်ထောင်စုပအိုဝ်းအမျိုးသားအဖွဲ့ချုပ်ညီလာခံက သတ်မှတ်ခဲ့သော အလံတော်ကိုပင် ဂုဏ်ပြုသောအားဖြင့် ဆက်လက်အသုံးပြုသည်။ အလံတော်၏ အရွယ်အစားသည် အလျား(၉)ပေ၊ အနံ(၅)ပေရှိစေရမည်။ အလံတော်၏ ထက်ဝက်အောက်ခံသည် အစိမ်းရောင်ဖြစ်ရမည်။ အထက်ဝဲဘက်အခြမ်းတစ်ဝက်တွင် အပြာရင့်ရောင်ခံ၍ အလည်တည့်တည့်တွင် ငါးမြောင့်ပုံသဏ္ဍာန်ကြယ်ဖြူကြီးတစ်လုံးပါရှိရမည်။ ယာဘက်တစ်ဖက်အခြမ်းတွင် အနီရောင်ခံထားရမည်။ အလံတော်၏ အရွယ်အစားမှာ ကြီးငယ်မဟူ မူလအရွယ်အစားအတိုင်း ကိုက်ညီသမျှ ကိုက်ညီအောင်ပြုလုပ်စေရမည်။

၄။ <u>အဖွဲ့၏အမှတ်တံဆိပ် **(Logo)**</u>

**နဂါးပုံ** - ပူးတွဲပါ

၅။ <u>အဖွဲ့၏တံဆိပ်တုံး</u>

ဤအဖွဲ့၏ တံဆိပ်တုံးမှာ အလျားလိုက် အဝိုင်းပုံသဏ္ဍာန် အဝိုင်း၏ အပေါ်ခြမ်းတွင် မြန်မာစာဖြင့် "ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်" ဟုဖော်ပြရမည်။ အလယ်ဗဟိုတွင် မြန်မာစာဖြင့် စာအမှတ်၊- ရက်စွဲ၊-ဟု ဖော်ပြရမည်။ အဝိုင်းပုံသဏ္ဍာန် အဝိုင်း၏ အောက်ခြမ်းတွင် "Pa.O National Organization" ဟု ဖော်ပြရမည်။

၆။ <u>အဖွဲ့၏နိုင်ငံရေးဝါဒသဘောတရား</u>

ဤအဖွဲ့၏ နိုင်ငံရေးဝါဒသဘောတရားမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ပြည်ထောင်စုမြန်မာနိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
(ခ) တိုင်းရင်းသားလူမျိုးအချင်းချင်း စည်းလုံးညီညွတ်ရေး၊
(ဂ) ပအိုဝ်းတိုင်းရင်းသားများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကဏ္ဍာရပ်များ ဖွံ့ဖြိုးတိုးတက်ရေးကို ပအိုဝ်းတိုင်းရင်းသားများကိုယ်တိုင် ကျယ်ပြန့်စွာ ပါဝင်ဆောင်ရွက်ရေး၊

၇။ <u>အဖွဲ့၏လုပ်ငန်းစဉ်များ</u>

(က) ပြည်ထောင်စုမပြိုကွဲရေး၊
(ခ) တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊
(ဂ) အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊
(ဃ) နိုင်ငံရေးဦးတည်ချက်(၄)ရပ်ကို လက်တွေ့အကောင်အထည်ဖော်ရေး၊
(င) စီးပွားရေးဦးတည်ချက်(၄)ရပ်ကို လက်တွေ့အကောင်အထည်ဖော်ရေး၊
(စ) လူမှုရေးဦးတည်ချက်(၄)ရက်ကို လက်တွေ့အကောင်အထည်ဖော်ရေး၊

(ဆ) ပအိုဝ်းအမျိုးသားလူငယ်များ၏ လူ့စွမ်းအားအရင်းအမြစ်ကိုမြှင့်တင်၍ အပြည့်အဝအသုံးချနိုင်ရေး၊

(ဇ) ပအိုဝ်းအမျိုးသားများ၏ စာပေယဉ်ကျေးမှုဓလေ့ထုံးစံများ ထိန်းသိမ်းဖော်ထုတ်မြှင့်တင်ရေး၊

၈။ <u>အဖွဲ့၏ဖွဲ့စည်းပုံ</u>

ဤအဖွဲ့၏ ဖွဲ့စည်းပုံသည် အောက်ပါအတိုင်းဖြစ်ပါသည်-

(က) ကျေးရွာကိုယ်စားလှယ်များဖြင့် ကျေးရွာအုပ်စု ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ကို ဖွဲ့စည်းမည်။

(ခ) ကျေးရွာကိုယ်စားလှယ်များဖြင့် မြို့နယ် ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)အမှုဆောင်ကော်မတီကို ဖွဲ့စည်းမည်။

(ဂ) မြို့နယ်ကိုယ်စားလှယ်များဖြင့် အမျိုးသားညီလာခံကျင်းပပြီး ပအိုဝ်းအမျိုးသားအဖွဲ့ချုပ်(PNO) ဗဟိုဦးစီးကော်မတီ၊ ဗဟိုအလုပ်အမှုဆောင်ကော်မတီများကို ဖွဲ့စည်းမည်။

၉။ <u>အဖွဲ့၏ အဖွဲ့ဝင်လက်ခံခြင်း၊ နုတ်ထွက်ခြင်း</u>

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO) ၏အဖွဲ့ဝင်ဖြစ်ခြင်းနှင့် နုတ်ထွက်ခြင်းကို အောက်ပါအတိုင်းသတ်မှတ်သည်-

(က) ပအိုဝ်းမိဘနှစ်ပါး(သို့)မိဘနှစ်ပါးအနက် တစ်ပါးပါးက မွေးဖွားသူများနှင့်လူမျိုးဘာသာမရွေး၊ အသက်(၁၈) နှစ် ပြည့်ပြီး သူတိုင်း ဤအဖွဲ့၏ စည်းမျဉ်းစည်းကမ်းများ၊ မူဝါဒလမ်းစဉ်များကို သက်ဝင်ယုံကြည်၍ အဖွဲ့ဝင်ဖြစ်လိုသူတိုင်း အဖွဲ့ဝင်ဖြစ်နိုင်သည်။

(ခ) တစ်ဦးချင်းအလိုက်၊ အိမ်ထောင်စုအလိုက် အဖွဲ့ဝင်အဖြစ် သတ်မှတ်နိုင်သည်။

(ဂ) ရူးသွပ်သူ၊ ပြစ်မှုကျူးလွန်သူ၊ ပြစ်ဒဏ်ကျခံသူ၊ သာသနာဘောင်ဝင်သွားသူ၊ အခြေခံစည်းမျဉ်းဖောက်ဖျက်သူများ အလိုအလျောက် အဖွဲ့ဝင်အဖြစ် ရပ်စဲပြီးဟုမှတ်ယူသည်။

၁၀။ <u>အဖွဲ့၏အဖွဲ့ဝင်စည်းကမ်းများ</u>

ပအိုဝ်းအမျိုးသားအဖွဲ့ချုပ် (PNO)၏အဖွဲ့ဝင်စည်းကမ်းများကို အောက်ပါအတိုင်း သတ်မှတ်သည်-

(က) အဖွဲ့၏ ရည်ရွယ်ချက်များ၊ လုပ်ငန်းစဉ်များ၊ ဆုံးဖြတ်ချက်များ၊ ညွှန်ကြားချက်များ၊ စည်းကမ်းများလိုက်နာရမည်။

(ခ) အဖွဲ့၏ဂုဏ်သိက္ခာကို ထိန်းသိမ်းပြီး ပေးအပ်သောတာဝန်ကို ကျေပြွန်စွာ ထမ်းဆောင်ရမည်။

(ဂ) သဘောထားမတူက အချင်းချင်း အကြေအလည်ညှိနှိုင်းဆွေးနွေးရမည်။

(ဃ) လူမျိုးရေး၊ ဘာသာရေး၊ ပုဂ္ဂိုလ်ရေးများ ဝေဖန်ပြောဆိုမှု အထူးရှောင်ကြဉ်ရမည်။

(င) နှစ်စဉ်ကြေး မပျက်မကွက် ပေးဆောင်ရမည်။

(စ) အဖွဲ့ဝင်မှ တပါး အခြားအဖွဲ့ပါတီများ၏ သစ္စာကို လုံးဝမခံယူရ။

၁၁။ <u>အဖွဲ့၏ရန်ပုံငွေ</u>

အဖွဲ့၏ရန်ပုံငွေအတွက် အောက်ပါအတိုင်းသတ်မှတ်သည်-

(က) အဖွဲ့ဝင်တစ်ဦး တစ်နှစ်( )ကျပ် သတ်မှတ်သည်။

(ခ) အဖွဲ့ဝင်အိမ်ထောင်စု တစ်နှစ်( )ကျပ် သတ်မှတ်သည်။